# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး
# ပဥ္စမနေ့ အစီအစဉ်
# [ ၂၂- ၁၁ - ၂၀၁၆ ]
# ( အင်္ဂါနေ့ )

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ပဥ္စမနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း -

(က) ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့်မရရှိသေးဘဲ ဓာတ်ဆီဆိုင်ဆောက်လုပ်ခြင်းနှင့် အဆိုပါ လယ်မြေဧကများအတွက် ၂၀၁၆ ခုနှစ်တွင် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ယူထားခြင်း ရှိ/မရှိတို့ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **ပူတာအို - (၁၄)မိုင် - နန့်တုံခူး - (၂၆)မိုင် - နမ်ဇယ် - (၂၀)မိုင် - လုံးနဒမ်း - (၄)မိုင် - ဝဆန်ဒမ် - (၇)မိုင် - အဝပ်ဒမ်း - (၈)မိုင် စုစုပေါင်း (၇၉)မိုင်ကို (၁၈)ပေ အကျယ် ကျောက်ခင်းလမ်းအဖြစ် ပူတာအိုမြို့နယ် အနောက်ဘက်ခြမ်း ပတ်လမ်းအား ဖောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)၏ **ပိုးစာပင်စိုက်ပျိုးရေးစီမံချက်အတွက် သိမ်းဆည်းထားသည့် ယာမြေဧကပေါင်းများစွာအား ပိုးစာစိုက်ပျိုးရေးစီမံချက် ဖျက်သိမ်းပြီး နောက်ပိုင်း မူလပိုင်ရှင်များထံ ပြန်လည်လွှဲအပ်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာခင်မောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၏ **တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်အတွင်းရှိ သိမ်းဆည်းခံခဲ့ရသည့် ဥယျာဉ်ခြံမြေများကို ဒေသခံများထံသို့ ပြန်လည်ပေးအပ်ခြင်း သို့မဟုတ် နစ်နာကြေးပေးခြင်း၊ မြေမဲ့ယာမဲ့ဖြစ်လျက်ရှိသော ဒေသခံများနှင့် ရွှေ့ပြောင်း လုပ်သားများအတွက် မြေယာမျှဝေပေးနိုင်ခြင်း ရှိ/မရှိနှင့် ဆီအုန်းစိုက်ခင်း များကြောင့် ပြုန်းတီးသွားသော သစ်တောများအပြင် ၎င်းစိုက်ခင်းများ အတွင်းရှိ စမ်းချောင်းများအား ဒေသခံများနှင့် ဆီအုန်းကုမ္ပဏီတို့ ပူးပေါင်း ထိန်းသိမ်းပြီး ကျေးရွာများအတွက် အားကစားကွင်း၊ စားကျက်မြေများ ဖန်တီးပေးနိုင်ခြင်း** ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **လယ်ယာမြေ လုပ်ပိုင်ခွင့်ပြု လက်မှတ်(ပုံစံ-၇) အသစ်အဟောင်းမခွဲခြားဘဲ လယ်သမားတိုင်း စိုက်ပျိုး စရိတ် ချေးငွေများ ရရှိစေရေးနှင့် စိုက်ပျိုးစရိတ် ချေးငွေများထုတ်ချေးရာတွင် (ပုံစံ-၇)ပါ ဧကများအတိုင်း ချေးငွေများ အပြည့်အဝ ရရှိရေးအတွက် မည်သည့် အစီအစဉ်များ ချမှတ်ထားခြင်းကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **မွန်ပြည်နယ်၊ သထုံမြို့နယ်၊ အုပ်ဖိုချောင်ကျေးရွာအုပ်စုမှ သထုံမြို့အထိ ရာသီမရွေး သွားလာ နိုင်သော မြေသားလမ်းတစ်ခု ဖောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး ပဥ္စမနေ့ ရပ်နားကြောင်းနှင့် ဆဋ္ဌမနေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။